**Job Access**
**Driving disability employment**

# အချက်အလက် သတင်းလွှာ
# မသန်စွမ်းသူများ ရရှိနိုင်သော ရန်ပုံငွေ

မသန်စွမ်းသူတစ်ဦးအနေဖြင့် သင့်လုပ်ငန်း လုပ်ကိုင်ရန်အတွက်လိုအပ်သော ကိရိယာတန်ဆာပလာများနှင့် လုပ်ငန်းခွင်ပြုပြင်မွမ်းမံမှုများ ပေးချေရန်အတွက် အလုပ်သမားခန့်အပ်မှုဆိုင်ရာ ထောက်ပံ့ရေးရန်ပုံငွေ(EAF)မှ အထောက်အပံ့ရရန် လျှောက်ထားနိုင်ပါသည်။ EAF အား အလုပ်ရှာဖွေခြင်းနှင့် အလုပ်ရရန်ပြင်ဆင်ခြင်းများအတွက် ကုန်ကျစရိတ်များကို ကူညီပေးရန်အတွက်လည်း အသုံးပြုနိုင်ပါသည်။

EAF ကိုအသုံးပြု၍ ပေးချေနိုင်သောအကြောင်းအရာအချို့မှာ-

- လုပ်ငန်းခွင် ပြင်ဆင်မွမ်းမံခြင်းများနှင့် ကိရိယာတန်ဆာပလာများ၊ ဥပမာ - အထောက်အကူပြုနိုင်မည့် နည်းပညာ၊ လျှပ်စစ်နှင့် ဆက်သွယ်ရေးဆိုင်ရာ ကိရိယာတန်ဆာပလာ၊
- ဆက်သွယ်ရေးနည်းပညာသုံး ကိရိယာများ၊
- Auslan (သြစတြေးလျ အမူအရာဖြင့်ပြသည့် ဘာသာစကား) သုံး၍စကားပြန်လုပ်ခြင်း၊
- ကွန်ပျူတာ ဆော့ဖ်ဝဲနှင့် ဆော့ဖ်ဝဲ အဆင့်မြှင့်တင်ခြင်း၊
- အထူးပြုလုပ်ထားသော အထောက်အကူနှင့် လေ့ကျင့်သင်တန်းပေးခြင်း အစီအစဉ်များ၊
- လုပ်ငန်းခွင်မော်တော်ယာဉ်များအားပြင်ဆင်မွမ်းမံခြင်း၊ နှင့်
- စိတ်ကျန်းမာရေး ချို့ယွင်းချက်ရှိသူ သို့မဟုတ် သင်ကြားရေးဆိုင်ရာ ချို့ယွင်းချက်ရှိသူများအတွက် အထူးစီမံထားသော အထောက်အပံ့များ။

EAF နှင့် ပတ်သက်၍ သတင်းအချက်အလက်များကို ပိုမိုသိရှိလိုပါက www.jobaccess.gov.au သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည် သို့မဟုတ် JobAccess အကြံပေးပုဂ္ဂိုလ်အား ဖုန်း 1800 464 800 သို့ ခေါ်ဆို ဆွေးနွေးနိုင်ပါသည် -မိုဘိုင်းဖုန်းများမှ ခေါ်ဆိုမှုများအတွက် ဝန်ဆောင်ခ ကောက်ခံပါမည်။

Australian Government

JobAccess is the national hub for workplace and employment information for people with disability, employers and service providers.

**1800 464 800** **www.jobaccess.gov.au**